2021 ခုနှစ် မေလ 28 ရက်
(2024 ခုနှစ် စက်တင်ဘာလ 27 ခုနှစ်ရက်နေ့တွင် အသစ်ပြင်ဆင်)
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

မြန်မာနိုင်ငံ၏ အခြေအနေမတည်ငြိမ်မှုကို အကြောင်းပြုပြီး ဤနိုင်ငံ၌ နေထိုင်လိုသည့်ဆန္ဒရှိသူများသို့

မြန်မာနိုင်ငံ၏ အခြေအနေမတည်ငြိမ်မှုကိုအကြောင်းပြုပြီး မိမိနိုင်ငံသို့ ပြန်နိုင်ခြင်းမရှိဘဲ ဤနိုင်ငံ၌ နေထိုင်လိုသည့်ဆန္ဒရှိသူများအတွက် အရေးပေါ်ရှောင်တိမ်းနိုင်မည့်အစီအမံအနေဖြင့် နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်တို့ အသိအမှတ်ပြုပေးရန် ဆုံးဖြတ်လိုက်ပါသည်။

1 အကျုံးဝင်သူ

မြန်မာနိုင်ငံသားဖြစ်သည့်သူ သို့မဟုတ် မြန်မာတွင်အခြေချနေထိုင်သော မြန်မာနိုင်ငံသားမဟုတ်သူတို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေအနေမတည်ငြိမ်မှုကို အကြောင်းပြချက်အနေဖြင့် ဤနိုင်ငံ၌ နေထိုင်လိုသည့် ဆန္ဒရှိသူ (သတိပြုရန်) လက်ရှိရထားသည့်နေထိုင်ခွင့်ဗီဇာပေါ်အခြေခံသည့် လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်လိုသည့်သူသည် ဤအစီအမံနှင့်သက်ဆိုင်သည့် နေထိုင်ခွင့်ဗီဇာပြောင်းလဲရန်အတွက် လျှောက်ထားရန်မလိုဘဲ လက်ရှိရထားသည့်နေထိုင်ခွင့်ဗီဇာဖြင့် ဆက်လက်နေထိုင်နိုင်ပါသည်။

2 အစီအမံအကြောင်းအရာ

လက်ရှိရထားသည့်နေထိုင်ခွင့်ဗီဇာပေါ်အခြေခံသည့် လုပ်ဆောင်ချက်ပြီးသွားသည့်သူ (*1) နှင့်ပတ်သက်၍ **မူအားဖြင့် "Tokuteikatsudou (1 နှစ်၊ အလုပ်လုပ်ကိုင်နိုင်)"သို့ နေထိုင်ခွင့်ဗီဇာပြောင်းလဲရန် လျှောက်ထားနိုင်**ပါသည်။ (*2, *3)

*1 "လုပ်ဆောင်ချက်ပြီးသွားသည့်သူ" ဆိုသည်မှာ ဥပမာအားဖြင့် အလုပ်အကိုင်စာချုပ်သက်တမ်း ပြည့်သွားသည့်သူ၊ နည်းပညာသင်တန်းပြီးသွားသည့်သူ၊ ပညာရေးအဖွဲ့အစည်းများမှ ဘွဲ့ရသွားသူ၊ သင်တန်းပြီးသွားသူ စသည့်သူတို့ နှင့် အကျုံးဝင်ပါသည်။

*2 မြန်မာနိုင်ငံရှိအခြေအနေများ တိုးတက်ကောင်းမွန်ခြင်းမရှိသေးဟု ယူဆရသောအခြေအနေတွင် နေထိုင်ခွင့်ကာလသက်တမ်းတိုးသည့်လျှောက်ထားမှု ပြုလုပ်နိုင်ပါသည်။

*3 "နည်းပညာသင်တန်း" တက်ရန်အတွက် နေထိုင်ခွင့်ရယူပြီး နည်းပညာသင်တန်းပြီးဆုံးခြင်းမရှိသေးသည့်သူတို့နှင့်ပတ်သက်၍ မိမိအမှားကြောင့်မဟုတ်သည့်အခြေအနေများကြောင့် နည်းပညာသင်တန်းဆက်တက်ရန် အခက်အခဲဖြစ်လာပြီး ကြီးကြပ်အဖွဲ့အစည်းစသည်တို့မှ သင်တန်းနေရာပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့် လိုအပ်သော အစီအမံများ လုပ်ဆောင်ပေးသော်လည်း သင်တန်းနေရာအသစ် ရရန်မသေချာသည့်အခါ "Tokuteikatsudou (1 နှစ်၊ အလုပ်လုပ်နိုင်)" သို့ နေထိုင်ခွင့်ဗီဇာ ပြောင်းလဲလျှောက်ထားနိုင်ပါသည်။

3 တင်ပြရမည့်စာရွက်စာတမ်းများ

(1) နေထိုင်ခွင့်ဗီဇာပြောင်းလဲခွင့်လျှောက်လွှာ (ပုံစံU (အခြား))

* မျက်နှာစာတပ်ပုံလည်း လိုအပ်ပါသည်။

(2) ပတ်စပို့မိတ္တူနှင့် ပတ်စပို့မှ ပြည်အဝင်အထွက်တံဆိပ်တုံးစသည်ဖြင့် အထက်ဖော်ပြပါ 1 မှ အကျုံးဝင်သူဖြစ်ကြောင်း သိမြင်နိုင်မည့်စာရွက်စာတမ်း

(3) ဖြေရှင်းတင်ပြချက်

* "နည်းပညာသင်တန်း" တက်ရန်အတွက် နေထိုင်ခွင့်ရယူပြီး နည်းပညာသင်တန်းပြီးဆုံးခြင်းမရှိသေးသည့်သူ တို့သည် လက်ရှိရထားသော နေထိုင်ခွင့်ဗီဇာပြောင်းလဲရသည့် အကြောင်းပြချက်နှင့် စပ်လျဉ်း၍ နည်းပညာသင်တန်းဆက်မတက်နိုင်ရသည့်အကြောင်းပြချက်ကိုပါထည့်သွင်း၍ အသေးစိတ် ဖော်ပြပါ။

(4) ရှင်းလင်းတင်ပြချက်

* "နည်းပညာသင်တန်း" တက်ရန်အတွက် နေထိုင်ခွင့်ရယူပြီး နည်းပညာသင်တန်းပြီးဆုံးခြင်းမရှိသေးသည့်သူ တို့သည် ကြီးကြပ်အဖွဲ့အစည်း စသည်တို့မှ ရေးသားပြုစုပေးသော ရှင်းလင်းတင်ပြချက်ကို တင်ပြပါ။
* မိမိအမှားကြောင့်မဟုတ်သည့် အခြေအနေများကြောင့် နည်းပညာသင်တန်းဆက်တက်ရန် အခက်အခဲဖြစ်နေ သော်လည်း ကြီးကြပ်အဖွဲ့အစည်းစသည်တို့မှ ရှင်းလင်းတင်ပြချက် ရေးသားပြုစုပေးခြင်းမရှိသောအခါ သို့မဟုတ် ကြီးကြပ်အဖွဲ့အစည်း ဖျက်သိမ်းပြီးသားဖြစ်နေသောအခါ စသည်ဖြင့် "ရှင်းလင်းတင်ပြချက်" ရေးသားပြုစုရန် မဖြစ်နိုင်သည့်အခါတို့တွင် အဆိုပါအကြောင်းအရာကို ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ အရာရှိဖြင့် ဆွေးနွေးတိုင်ပင်ပါ။

(နည်းပညာသင်တန်းသားသုံး)

(ကြီးကြပ်အဖွဲ့အစည်းစသည်တို့သုံး)

(Word ဖိုင်)